



အနှစ်ချုပ်

ထင်ဇော်မှူးသင်(မြန်မာပြန်)

Think and Grow Rich  အနှစ်ချုပ် ဘာသာပြန်
ထင်ဇော်မှူးသင် (မြန်မာပြန်)
*

Nepolean Hill ရေးသားသော Think and Grow Rich အား အနှစ်ချုပ် ဘာသာပြန်သည်။

**ဘာတွေ သိမှတ်ရမလဲ**

**ပြင်းပြသောဆန္ဒရှိမှသာလျှင် ဘဂရည်မှန်းချက်များကို ပြည့်ဂနိုင်မည်။**

ကျွန်ုပ်တို့သည် ကြီးပွားချင်ကြသည်၊ ငွေကြေး အမှီအခို ကင်းချင်ကြသည်။ သို့သော် ဆန္ဒရှိရုံမျှဖြင့် ရည်မှန်းချက်များ ပြည့်ဂလာမည် မဟုတ်ပေ။ အကယ်၍ ချမ်းသာချင်သည်၊ အိပ်မက်ကို အကောင်အထည် ဖော်ချင်သည်ဆိုလျှင် ကျွန်ုပ်တို့ ကိုယ်တွင်းမှာ တောက်လောင် နေသော ဆန္ဒရှိဖို့လိုအပ်ပေသည်။

မအောင်မမြင် ဖြစ်ခဲ့သော စမ်းသပ်မှု တစ်သောင်းကျော် ရှိခဲ့သည့်တိုင်သောမတ် အက်ဒီဆင်သည် လျှပ်စစ်မီးသီး တီထွင်လိုသည့် သူ့ရည်မှန်းချက်ကို မမိုတ်မသုန် စွဲကိုင်ထားဆဲ ဖြစ်သည်။ သူ့ရင်ထဲက ဆန္ဒအိပ်မက်ကို အကောင်အထည် ပေါ်လာအောင် လုပ်မည့်စိတ် တစ်ခုတည်းဖြင့် မောင်းနှင်နေသည်။ နှစ်ပေါင်းများစွာ ကြိုးစား လုပ်ကိုင်ခဲ့ရင်း နောက်ဆုံး၌ လျှပ်စစ်ဘတ်သီးကို တီထွင်နိုင်ခဲ့လေသည်။

စာရေးဆရာမ ဖန်နီ ဟာ့ထ်သည်လည်း အလားတူ အတွေ့အကြုံမျိုး ရှိခဲ့

ဖူးသည်။ သူမ၏ ဂတ္ထုတို တစ်ပုဒ်ကို သတင်းစာထဲ၌ ပုံနှိပ်ခြင်း မခံရမီ သုံးဆယ့်ခြောက်ကြိမ်တိုင်တိုင် အပယ်ခံခဲ့ရ သည်။ ထိုသို့ ပုံနှိပ်ဖော်ပြခံပြီးသည်နှင့် အောင်မြင်သော ဂတ္ထုများနှင့် ပြဇာတ်များကို သူမ အဆက်မပြတ်ရေးသားနိုင်ခဲ့လေသည်။ သူမ၏ တောက်လောင်နေသော ဆန္ဒက အပယ်ခံရသဖြင့် စိတ်ပျက် လက်ပျက်ဖြစ်ရခြင်းထက် ပိုမိုခိုင်မာနေသဖြင့် နောက်ဆုံးတွင် အောင်မြင်မှုရခဲ့ခြင်းဖြစ်သည်။

အောင်မြင်ချင်သည့် ရည်မှန်းချက်များနှင့်အိပ်မက်များအပေါ် မိမိတို့၏ သဘောထားကို ဆန်းစစ်ကြည့်ဖို့ အရေးကြီးသည်။ ရည်မှန်းချက်များ၊ အိပ်မက်များနှင့် ပတ်သက်ပြီး မည်သို့ခံစားရ သနည်း။ လေထဲက တိုက်အိမ်လို့ပဲ မြင်သလား။ ဒါမှမဟုတ် တစ်နေ့မှာ လက်တွေ့ အကောင်အထည် ပေါ်ကို ပေါ်လာရမည်ဆိုပြီး မဖြစ်မနေလုပ်ဖို့ ဆန္ဒတကယ် ပြင်းပြသလား။

***